# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# (၂၈)ရက်မြောက်နေ့ အစီအစဉ်

# [ ၇-၉-၂၀၁၆ ] ( ဗုဒ္ဓဟူးနေ့ ) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့်သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးစိုင်းကျော်မိုး၊ မိုင်းပန် မဲဆန္ဒနယ်၏ **ညောင်ရွှေဟော်နန်းကြီး ပြုပြင်ဆောင်ရွက်နေမှုတို့ကို ဌာနေတိုင်းရင်းသား ပြည်သူလူထုများပွင့်ပွင့်လင်းလင်း သိရှိနိုင်ရန် ရှင်းပြပေးစေလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစိုင်းဦးခမ်း၊ သီနီ မဲဆန္ဒနယ်၏ **သိန္နီမြို့ မြို့ရှောင်လမ်း၏ လျာထားလမ်းအကြောင်း နယ်နိမိတ်နှင့် ပတ်သက်၍ ယခင် အတည်ပြုဆုံးဖြတ်ထားသည့် ကောင်းဟော်ကျေးရွာအုပ်စု လမ်းတစ်လျှောက် ဖြတ်သန်းသွားမည့် High Way လမ်းမကြီးကို ဆက်လက်အတည်ပြုဖြတ်သန်းသွားရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးဝင်းထူး(ခ) ဦးမိုင်းဝင်းထူး၊ နမ့်ဆန် မဲဆန္ဒနယ်၏ **ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်ရှိ သီပေါ–ပန်လုံ–နမ့်ဆန် လမ်းမှ နမ့်ဆန်အပိုင်းရှိ (၃ မိုင် ၁ ဖာလုံ)အား လမ်းအကျယ် ၂၅ ပေ ရရှိစေရန်အတွက် ကျောက်တောင် မိုင်းခွဲ၍ လမ်းချဲ့ခြင်းနှင့် လီလု ဘောလီတံတားအား သံကူကွန်ကရစ်တံတား အဖြစ် မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်နန်းခမ်းအေး၊ နမ္မတူ မဲဆန္ဒနယ်၏ **လားရှိုးမြို့နယ်၊ အီနိုင်းကျေးရွာရှိ တံတားအမှတ်(၆/၉) အီနိုင်းတံတားအတွက် အရေးတကြီး လိုအပ်လျက်ရှိနေသော တံတားချဉ်းကပ်လမ်း အမြင့်နှင့်အညီ မြေကာနံရံများ ပြုလုပ်နိုင်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးနိုင်နိုင်ဝင်း၊ တမူး မဲဆန္ဒနယ်၏ **ကလေးဝ–ကျီကုန်း–တမူး လမ်းပေါ်ရှိ မိုင်တိုင်အမှတ် ၆၁/၃ နှင့် ၆၁/၆ အကြားနှင့် မိုင်တိုင်အမှတ် ၅၂/၂နှင့် ၅၂/၄အကြား တည်ရှိနေသော မျက်ကွယ်ကွေ့များအား မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရန် မည်သို့စီမံဆောင်ရွက်ပေးသွားမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဝမ်းလှ၊ နန်းယွန်း မဲဆန္ဒနယ်၏ **နန်းယွန်း– ပန်ဆောင်ကြား ဆုလျှန်ထွန်းကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော လမ်းပိုင်းမှ လမ်း၊ တံတားများသည် ပြီးမြောက်မှုမရှိသေးပါသဖြင့် သတ်မှတ်ထားသော ဘဏ္ဍာနှစ်အတွင်း အဘယ်ကြောင့် ပြီးမြောက်အောင် ဆောင်ရွက်နိုင်မှု မရှိရသည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံသည် ၁၉၈၇ ခုနှစ်တွင် (Least Development Country- LDC) အဖြစ် သတ်မှတ်ခြင်း ခံခဲ့ပါ၍**

**မည်သည့်အချက်အလက်များနှင့် ပြည့်စုံလျှင် (LDC) အဖြစ် သတ်မှတ်ခြင်းကို ခံယူခွင့်ရှိကြောင်း၊ ယင်းသို့ သတ်မှတ် ခံရခြင်းကြောင့် မည်သည့်အခွင့်အရေးများ ရရှိကြောင်း၊ မြန်မာနိုင်ငံ(LDC)ဘဝမှ လွတ်မြောက်ရေးအတွက် နိုင်ငံတော်အစိုးရက မည်သို့မည်ပုံ စီစဉ်ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဈ) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် မရှိမဖြစ်လိုအပ်သော အခွန်အကောက်ရငွေများ ရရှိရေး၊ အခွန်ထမ်း ပြည်သူများအနေနှင့် ဥပဒေနှင့်အညီ နေထိုင်နိုင်ရေး၊ ဥပဒေအရ ခွင့်ပြုထားသော ရပိုင်ခွင့်၊ စုဆောင်းခွင့် ငွေဖြူပမာဏကို ထမ်းဆောင် လိုက်သည့် အခွန်ငွေပမာဏနှင့်အညီ တရားဝင် စုဆောင်းခွင့်ရပြီး ငွေမည်မျှရှိသည်ဆိုခြင်းကို သိရှိနိုင်သော အခွန်ထမ်း တစ်ဦးချင်း အတွက် သတ်မှတ်ဖော်ပြပေးသည့် အခွန်စနစ်အဖြစ် ပြုပြင်ဆောင်ရွက် ပေးမည့် အစီအမံများ ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးနေဖူးဗဆွေ၊ ပန်းဘဲတန်း မဲဆန္ဒနယ်က **“နိုင်ငံအတွင်းရှိ ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အကျိုးပါဝင်ပတ်သက်သူများအားလုံးသည် E-Government Website များနှင့် Mobile Application များမှ တစ်ဆင့် ဌာနဆိုင်ရာဝန်ဆောင်မှုများနှင့် သတင်းအချက်အလက်များကို ရယူသုံးစွဲ နိုင်ရေးအတွက် E-Government စနစ်များ ပိုမိုထိရောက်အောင်မြင်စွာ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း။”** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၉)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။